ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ဗဟိုအလုပ်အမှုဆောင်ကော်မတီ အရေးပေါ်အစည်းအဝေး

# သဘောထားထုတ်ပြန်ကြေညာချက်

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်မှ (၂၅)ရက်နေ့ထိ ထိုင်း-မြန်မာနယ်စပ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤအစည်းအဝေးတွင် လက်ရှိမြန်မာပြည်ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် နိုင်ငံရေးဆွေးနွေးမှု ဖြစ်စဉ်တို့အပါအဝင် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး၊ အောက်ပါအတိုင်း သဘောထားထုတ်ပြန်အပ်ပါသည်။

၁။ မိမိတို့ပြည်ထောင်စုအတွင်း နှစ်ပေါင်း(၇၀)နီးပါးဖြစ်ပွားနေသော ပြည်တွင်းစစ်သည် နိုင်ငံရေးပြဿနာအပေါ် အခြေခံသည်ဖြစ်သောကြောင့် နိုင်ငံရေးနည်းလမ်းဖြင့် ညှိနှိုင်းအဖြေရှာရန် UNFC အနေဖြင့် အစဉ်ကြိုးပမ်းလျှက်ရှိနေပါသည်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (NCA) ရရှိရန်အတွက် တွေ့ဆုံဆွေးနွေးခဲ့သည့်ကာလတလျှောက်လုံးတွင် မြန်မာ့တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအချို့ကို ဖြစ်စဉ်အတွင်းပါဝင်ခဲ့သော်လည်း လက်မှတ်ရေးထိုးရေးတွင် ပိတ်ပင်ထားခြင်းကြောင့် ယနေ့ထိတိုင် တနိုင်ငံလုံးအသွင်ဆောင်သည့်အပစ်အခတ်ရပ်စဲရေးမှာ အောင်မြင်မှုအဆင့်သို့ မတက်လှမ်းနိုင်သေးဘဲ ရှိနေရပါသည်။

၂။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြည်သူ့လွှတ်တော်အတွင်း ကချင်ပြည်လွတ်လပ်ရေးတပ်မတော် (KIA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) အဖွဲ့အစည်းတို့ကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ်သတ်မှတ်ရန် မဲခွဲဆုံးဖြတ်ရာ၌ အတည်မပြုနိုင်ခဲ့သည့်အဆိုအား ရှမ်းပြည်နယ်လွှတ်တော်သို့ တပ်မတော်ကိုယ်စားလှယ်များမှ ဆက်လက်တင်သွင်းပြီး မဖြစ်မနေ အတည်ပြုသွားခဲ့သည်။ ထိုအတည်ပြုချက်အရ အဆိုပါအဖွဲ့အစည်းများကို အကြမ်းဖက်အဖွဲ့များအဖြစ် မြန်မာ့တပ်မတော်အနေဖြင့် တရားဝင် ခေါ်ဝေါ်သုံးစွဲကာ အကြောင်းအမျိုးမျိုးပြပြီး ပိုမိုထိုးစစ်ဆင်နေခြင်းမှာ တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်ကို ပျက်ပြားသွားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေခြင်းပင် ဖြစ်ပါသည်။

၃။ ထို့အပြင် လူထုမှအစဉ်သဖြင့် ကန့်ကွက်နေသော မြန်မာ့တပ်မတော်၏ မတရားအနိုင်ကျင့် ထိုးစစ်ဆင်တိုက်ခိုက်နေမှုကို တရားသောစစ်ပွဲအသွင်ရောက်အောင် မြန်မာပြည်အနှံ့ရှိ မြို့ကြီးများ၌ (နအဖ)စစ်အစိုးရလုပ်ဆောင်ခဲ့သည့်ပုံစံနှင့် အလားသဏ္ဍာန်တူလှုပ်ရှားမှုများကို တရားသောစစ်ထောက်ခံပွဲများဟုအမည်တပ်ကာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာနေပါသည်။ တပြိုင်နက်တည်းတွင် စစ်ပွဲများရပ်တန့်ရေး လူထုလှုပ်ရှားမှုလည်း ပေါ်ပေါက်လာနေပါသည်။ စစ်ပွဲများရပ်တန့်ရေးလှုပ်ရှားသူများနှင့် မြန်မာ့တပ်မတော်၏ထိုးစစ်ဆင်မှုများအား ထောက်ခံလှုပ်ရှားသူတို့အကြား ထိပ်တိုက်ရင်ဆိုင် အကြမ်းဖက်မှုများ ဖြစ်ပေါ်လျှက်ရှိနေပါသည်။

၄။ ဤသို့ လူထုအကြားစိတ်ဝမ်းကွဲပြားမှု ပိုမိုတိုးပွားစေသည့် လုပ်ဆောင်ချက်များနှင့် တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်ကို ပျက်ပြားသွားစေရန် အစီအစဉ်ရှိရှိဖော်ဆောင်နေသည့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်လုပ်ဆောင်နေမှုများအားလုံးကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချသည်။

၅။ တိုင်းပြည်နှင့်လူထုအကျိုးကိုရှေ့ရှု၍ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်း ပွင့်နေသမျှကာလပတ်လုံး မိမိတို့အနေဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာရေးနည်းလမ်းဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ NLD အစိုးရ၏ **"အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးမူဝါဒ(၇)ရပ်"** ကို လက်တွေ့ကျကျ အကောင်အထည် ဖော်ဆောင်မှုတွင် အပြုသဘောဆောင်ချဉ်းကပ်၍ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)


**ဆက်သွယ်ရန်**

*နိုင်ဟံသာ - ဒုတိယဥက္ကဋ္ဌ ဖုန်း - +66(0)80-503-0849*
*ခူဦးရယ် - အထွေထွေအတွင်းရေးမှူး ဖုန်း - +66(0)84-805-1344*